

# ကျောင်းစာသင်နှစ် 2020-21 အတွက် Pandemic EBT သည် မကြာမီ လာတော့မည်။

### Pandemic EBT သို့မဟုတ် P-EBT အကျိုးခံစားခွင့်များဆိုသည်မှာ အဘယ်နည်း။

COVID-19 ကြောင့် ကျောင်းအစားအစာအတွက် အခမဲ့ သို့မဟုတ် လျှော့ဈေး ရရှိသည့် ကလေးများအတွက် အပိုဆောင်း အစားအစာ အကျိုးခံစားခွင့်များ ကို ရရှိမည်ဖြစ်ပါသည်။ အဆိုပါ အစားအစာ အကျိုးခံစားခွင့်များကို P-EBT ဟု ခေါ်သည်။ P-EBT အကျိုးခံစားခွင့်များသည် Washington မိသားစုများအား ကျောင်းပိတ် သို့မဟုတ် လူကိုယ်တိုင်ဖြင့် ကျောင်းတက်ရောက်မှု လျှော့ချ ခြင်း ဖြစ်သည့်အခါ အစားအစာဝယ်ယူရာ၌ အထောက်အကူပြုစေပါသည်။

## မည်သူတို့က အရည်အချင်းပြည့်မှီပါသနည်း။

အောက်ဖော်ပြပါအချက်များရှိပါက ကလေးများသည် P-EBT အကျိုးခံစား ခွင့်များအတွက် အရည်အချင်းပြည့်မှီပါသည်-

- မိမိတို့၏ ကျောင်းပိတ်ခြင်း သို့မဟုတ် လူကိုယ်တိုင်ဖြင့် ကျောင်းတက်ရောက်မှု အချိန်လျှော့ချ ခြင်း။
- မိမိတို့သည် ကျောင်းအစားအစာ အတွက် အခမဲ့ သို့မဟုတ် လျှော့ဈေး ရရှိရန် အရည်အချင်းပြည့်မှီခြင်း။

## မိသားစုများ မည်ကဲ့သို့ လျှောက်ထားနိုင်သနည်း။

သတင်းကောင်း - မိသားစုများသည် P-EBT အစီအစဉ်အတွက် လျှောက်ထားရန် မလိုအပ်ပါ။ အကယ်၍ သင့်ကလေးသည် ကျောင်းအစားအစာ အခမဲ့ သို့မဟုတ် လျှော့ဈေး အတွက် အရည်အချင်းပြည့်မှီပါက မိမိတို့သည် အလိုအလျောက် အရည်အချင်းပြည့်မှီသည်။ မိသားစုများအနေဖြင့် မိမိတို့၏ လက်ရှိနေရပ်လိပ်စာ ကျောင်း၌ရှိထားကြောင်း မိမိတို့ကလေး၏ ကျောင်းနှင့် သေချာပြုလုပ်ထားသင့်ပြီး မိမိတို့ ကလေးက ကျောင်းအစားအစာ အတွက် အခမဲ့ သို့မဟုတ် လျှော့ဈေး မရရှိသေးပါက ကျောင်းအစားအစာ လျှောက်လွှာကို ဖြည့်စွက်ရန် တိုက်တွန်းအပ်ပါသည်။

## မိသားစုများ မည်မျှလောက် ရရှိပါမည်နည်း။

အကျိုးခံစားခွင့်ပမာဏများသည် မိမိတို့ကလေး၏ ကျောင်း လေ့လာသင်ယူမှု နည်းလမ်းအပေါ် အခြေခံပြီး ပေးထားသည့် တစ်လစီအတွက် ကွဲပြားပါသည်။ လစဉ် အကျိုးခံစားခွင့် ပမာဏသည် $25 မှ $123 အပိုင်းအခြားတွင် ဖြစ်သည်။

## P-EBT ကဒ်သည် မည်ကဲ့သို့ဖြစ်ပါသနည်း။

ယခုဖော်ပြပါကဲ့သို့သော ကဒ်ကို ပေးပို့လာသည့် စာတွင် စောင့်ကြည့်ပါ။ P-EBT ကဒ်သည် သီးခြား ဖြစ်ပြီး အစားအစာ သို့မဟုတ် ငွေသား (Quest) EBT ကဒ်ကို အစားထိုးခြင်း မဟုတ်ပါ။




## P-EBT ကဒ် မည်သည့်အခါတွင် ရောက်လာရှိပါမည်နည်း။

အရည်အချင်းပြည့်မှီသော ကလေးများသည် မတ်လအဆုံးပိုင်းတွင် အသိပေးချက်ကို လက်ခံရရှိမည်ဖြစ်ပြီး နောက်ထပ်သော အချက်အလက်များ ပါဝင်ပါမည်။ P-EBT ကဒ်ကို ဖော်ပြပါ ရက်သတ္တပတ်များ၌ သီးခြားစွာ အသီးသီး ပေးပို့သွားမည်ဖြစ်သည်။

## P-EBT ကဒ်ကို မည်ကဲ့သို့ အသုံးပြုမည်နည်း။

P-EBT ကဒ်ကို ဒက်ဘစ်ကဒ်ကဲ့သို့ပင် ကုန်စတိုးဆိုင်များ နှင့် လယ်သမားဈေးများ အများစုတို့၌ သို့မဟုတ်လျှင်လည်း အွန်လိုင်းဖြင့် Amazon သို့မဟုတ် Walmart တို့၌ အစားအစာဝယ်ယူသည့်အခါ အသုံးပြုနိုင်သည်။

## မိသားစုများသည် P-EBT ကဒ်အသစ်ကို လစဉ် ရရှိမည်လား။

မဟုတ်ပါ၊ မိသားစုများသည် ကလေးတစ်ဦးစီ၏ P-EBT ကဒ်ကို သိမ်းထားသင့်သည်။ ပထမဆုံး ထုတ်ပေးမှုသည် ကျောင်းစာသင်နှစ် 2020-21 ခုနှစ် စတင်ချိန်မှ ဇန်နဝါရီလ 2021 ခုနှစ် အထိ အကျိုးခံစားခွင့်များ ပါဝင်ပါသည်။ အပိုဆောင်း အကျိုးခံစားခွင့်များကို ကဒ်ထဲသို့ နှစ်လပတ်စဉ်တိုင်း၌ ကျောင်းစာသင်နှစ်ဆုံးအထိ ဖြည့်ထည့်ပေးမည်ဖြစ်ပြီး COVID-19 အတွက် ပြည်သူ့ ကျန်းမာရေး အရေးပေါ်အခြေအနေ ဆက်လက်ရှိနေသရွေ့အထိ ဖြစ်ပါသည်။

ထပ်မံလေ့လာရန် dshs.wa.gov/PEBT တွင် လည်ပတ် ကြည့်ရှုပါ။ ဤအချက်အလက်များကို အခြားသော ဘာသာစကားဖြင့် သင်ရရှိရန် လိုအပ်ပါက P-EBT ဆက်သွယ်မှုစင်တာ (Contact Center) သို့ 833-518-0282ဖြင့် ဖုန်းခေါ်ဆိုပါ။

မိသားစုများသည် P-EBT အကျိုးခံစားခွင့်များကို ရရှိထားပါသော်လည်း Grab-n-Go ကျောင်းအစားအစာထဲတွင် ပါဝင်ရန် တိုက်တွန်းအပ်ပါသည်။

*ဤအဖွဲ့အစည်းသည် တန်းတူအခွင့်အရေး ပေးသည့် ပံ့ပိုးသူဖြစ်ပါသည်။*

Washington State
Department of Social & Health Services
Transforming lives